# ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရတို့၏ အင်းဝခေတ်မော်ကွန်းများလေ့လာချက်

ပါရဂူ (PhD) ဘွဲ့အတွက်တင်သွင်းသောကျမ်း

မသစ်သစ်လွင်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၆–ခုနှစ်၊ မတ်လ

## ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် ခေတ်တစ်ခေတ်၊ မင်းနှစ်ပါးလက်ထက်တွင် အထင်ကရမင်းစာဆိုတို့ဖြစ်သည့် စာဆိုရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရတို့၏ မော်ကွန်းသုံးစောင်စီမှ အကြောင်းအရာပိုင်း၊ အရေးအဖွဲ့ပိုင်း ထူးခြားမှု မှန်သမျှ၊ တွေ့ရှိရသမျှတို့ကို ရှုထောင့်အထွေထွေမှ သုတေသနပြု လေ့လာတင်ပြထားသည့်ကျမ်း ဖြစ်ပါသည်။ စာဆိုနှစ်ဦးတို့သည် သူတို့အမြင်၊ သူတို့အတွေး၊ သူတို့စေတနာသက်ရောက်မှုတို့ကို ဉာဏ်စွမ်းထက်သမျှဖြင့် ဖွဲ့ဆိုခဲ့ကြကြောင်း စာဆိုတို့၏ မော်ကွန်းများတွင် တွေ့ရသည်။

စာဆိုရှင်နှစ်ပါး၏ မော်ကွန်းတို့သည် တစ်ခုနှင့်တစ်ခု ပတ်သက်မှု၊ တူညီမှု၊ ဆက်စပ်မှုတို့ ရှိနေကြောင်း စာဆိုတို့၏ မော်ကွန်းများတွင် တွေ့ရှိရသည်။ 'တံတားဦးတည်မင်္ဂလာစေတီတော်မော်ကွန်း' ကို အရှင်နှစ်ပါးလုံး ဖွဲ့ဆိုခဲ့ကြသည်။ ဒုတိယဘုရင်မင်းခေါင်လက်ထက် တံတားဦးအရပ်၌ စေတီ၊ ကျောင်း တည်ခဲ့ပုံကို ဖွဲ့ဆိုထားသည့် မော်ကွန်းဖြစ်သည်။ ၎င်းမော်ကွန်းတို့တွင် စာဆိုနှစ်ပါးစလုံးသည် တံတားဦး အရပ်၌ ပြုလုပ်ခဲ့သည့် ဒုတိယမင်းခေါင်၏အလှူကို ဘာသာရေး၊ ရာဇရေးတို့တွင် ယနေ့ထက်တိုင် စံပြုရလောက်အောင် မော်ကွန်းဖြင့် မှတ်တမ်းတင်ခဲ့ကြပေသည်။

ရှင်မဟာသီလဝံသ၏ 'မိတ္ထိလာကန်တော်ဘွဲ့မော်ကွန်း'တွင် အင်းဝဘုရင် ရွှေနန်းကြော့ရှင်သည် ငတုံးတာ ပြေည့်ဝတို့ကို တိုက်ခိုက်နှိမ်နင်းပြီး၍ အောင်နိုင်လာရာမှအပြန် မိတ္ထိလာကန်မှဖြတ်အသွားတွင် တွေ့မြင်ခဲ့ရသည့် ကန်၏ပတ်ဝန်းကျင်သာယာမှု၊ ကန်တွင်းအခြေအနေတို့ကိုဖော်ပြထားခြင်း ဖြစ်သည်။ တိုက်ပွဲတွင်အနိုင်ရခဲ့သည့် ဘုရင့်ဘုန်းတော်ကိုလည်း ဖော်ပြထားသည်။ စာဆိုသည် 'ရွှေနန်းကြော့ရှင်နန်းတည်မော်ကွန်း'တွင် ရွှေနန်းကြော့ရှင်ဘုရင်၏ ရွှေနန်းတော်ခမ်းနားလှပမှုနှင့် ရွှေနန်းကြော့ရှင်၏ ဘုန်းတော်တို့ကို ဖွဲ့ဆိုထားသည်။

ရှင်မဟာရဋ္ဌသာရ၏ 'ပုံတောင်နိုင်မော်ကွန်း'တွင်လည်း စာဆိုသည် ရွှေနန်းကြော့ရှင်နှင့် စစ်သည် ရဲမက်များ ရန်သူတို့ကို အနိုင်ရခဲ့သည့် ပုံတောင်တိုက်ပွဲအကြောင်းနှင့် ရွှေနန်းကြော့ရှင်၏ ဘုန်းတော် အကြောင်းကို ဖော်ပြထားသည်။ 'ဝတ်ရုံကျောင်းဘွဲ့မော်ကွန်း'၌ ရွှေနန်းကြော့ရှင်နရပတိက စာဆို ရှင်မဟာရဋ္ဌသာရအား လှူဒါန်းခဲ့သည့် စစ်ကိုင်းတောင်ရိုး ဝတ်ရုံတောင်ပေါ်၌တည်ရှိသည့် ဝတ်ရုံကျောင်း ၏ တည်နေရာအခင်းအကျင်း၊ စာဆို၏ ဝတ်ရုံကျောင်းအပေါ်ထားသည့်စေတနာနှင့် ဝတ်ရုံကျောင်းကို မည်သို့ဆောက်လုပ်ခဲ့ပုံတို့ကို ကျစ်ကျစ်လျစ်လျစ်နှင့် ရသမြောက်စွာ ရေးဖွဲ့ထားသည်။ ဝတ်ရုံကျောင်းသည် အေးချမ်းဆိတ်ငြိမ်ပြီး တရားဓမ္မမွေ့လျော်ရာ နှစ်သက်ဖွယ်ကောင်းသည့် ကျောင်းဖြစ်ပုံကိုလည်း ဖွဲ့ဆိုပြထားသည်။

စာဆိုနှစ်ပါး၏ မော်ကွန်းခြောက်စောင်တွင် အင်းဝခေတ်၏ ဘာသာသာသနာ၊ လက်မှုပညာ၊ အုပ်ချုပ်ရေး၊ စီးပွားရေးတို့ တိုးတက်ဖွံ့ဖြိုးနေသည့် ခေတ်အရိပ်တို့ကို တွေ့ရှိရသည်။ အထူးသဖြင့် စာဆိုတို့၏ သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရမြောက် ရသစာပေတို့ကို အားပေးမြှောက်စားခဲ့သည့် မင်းနှင့်စာဆိုတို့၏ စေတနာ ရောင်ပြန်ဟပ်မှုသဘောတို့လည်း တွေ့ရှိရပေသည်။